**Network for Democracy and Development**

**Documentation and Research Department**

P.O Box 179, Mae Sod, Tak, 63110, Thailand. Phone: +66 (0) 89 267 8417.
E-mail: ndddrd@csloxinfo.com; ndddrd07@gmail.com

# တစ်ပတ်အတွင်းမြန်မာ့နိုင်ငံရေးသတင်းအကျဉ်းချုပ် [၁၀၇/ ၂၀၁၂]

၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ (၀၅) ရက်နေ့မှ ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလ (၁၁) ရက်နေ့အထိ

## ကြံ့ဖွံ့အစိုးရ

- မီးရထားဝန်ကြီး ဦးအောင်မင်း ဦးဆောင်သည့်အစိုးရကိုယ်စားလှယ်အဖွဲ့က ထိုင်းနိုင်ငံအခြေစိုက် လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီ (DPNS)နှင့် ပအိုဝ်အမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO) တို့ကို ဖေဖော်ဝါရီ ၅ ရက်နေ့က ထိုင်းနိုင်ငံ ချင်းမိုင်မြို့တွင် သီးခြားစီတွေ့ဆုံခဲ့ပြီး ယင်းမှာ အလွတ်သဘော တွေ့ဆုံမှုဖြစ်သည်ဟု အဖွဲ့နှစ်ဖွဲ့မှ ခေါင်းဆောင်များက ပြောကြားလိုက်သည်။ (BBC 050212) Read More..., VOA...
- ယုံကြည်ချက် အကျဉ်းသားများ ကျန်ရှိနေသေးကြောင်း NLD မှ ထပ်မံစာရင်းပေးလာပါက ထပ်မံလွှတ်ပေးမည် ဖြစ်ကြောင်း ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရ ဦးရွှေမန်းက မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ လူ့အခွင့်အရေး ကိုယ်စားလှယ် Tomás Ojea Quintana နှင့်တွေ့ဆုံစဉ် ပြောကြားလိုက်သည်။ (EMG 050212) Read More...
- ဖေဖော်ဂါရီ ၆ ရက်နေ့က ထိုင်းနိုင်ငံ အခြေစိုက် နိုင်ငံရေးအဖွဲ့အစည်း ၇ ဖွဲ့ဖြင့် ဖွဲ့စည်းထားသည့် မြန်မာနိုင်ငံ ဒီမိုကရက်တစ်အင်အားစု FDB နှင့် ပြန်ထောင်စု ဝန်ကြီးဦးအောင်မင်း ဦးဆောင်သည့် ငြိမ်းချမ်းရေးအဖွဲ့တို့သည် ထိုင်းနိုင်ငံ ချင်းမိုင်မြို့တွင် တွေ့ဆုံစဉ် ဦးအောင်မင်းက ပြည်ပမှ နိုင်ငံရေးလှုပ်ရှားသူများကို ပြည်တွင်းပြန်လာ၍ နိုင်ငံအတွက်အလုပ်လုပ်ကြရန် ဖိတ်ခေါ်ခဲ့ကြောင်း FDB အတွင်းရေးမှူးချုပ် ဒေါက်တာနိုင်အောင်ကပြောသည်။ (Mizzima 060212) Read More...
- ချင်းပြည်နယ်ဂန်ကြီးချုပ် ပူးဟုန်းငိုင်သည် ဇန်နဂါရီလ နောက်ဆုံးပတ်မှ စပြီးချင်းပြည်နယ် တောင်ပိုင်းသို့ နယ်လှည့်ကွင်းဆင်းစဉ် ဒေသခံပြည်သူများအား ချင်းပြည်နယ်တောင်ပိုင်း ပလက်ဂမြို့နယ်အတွင်း စခန်းချမည့် စီအဲန်အေ ငြိမ်းချမ်းရေးတပ်မတော်သားနှင့် ရင်းနှီးစွာဆက်ဆံရန်နှင့် ကူညီပံ့ပိုးရန်ဒေသခံများအားမှာကြားခဲ့ကြောင်း ဒေသခံကျေးရွာအုပ်ချုပ်ရေးမှူးတစ်ဦးကပြောသည်။ (Khonumthung 060212) Read More...

## တပ်မတော်

### (က) စစ်ဆင်ရေး

- ကရင်ပြည်နယ် သံတောင်မြို့နယ်၊ ဘောဂလိဒေသ၌ ဇန်နဂါရီ ၂၉ ရက်နေ့က တပ်အင်အားတိုးချဲ့၍ ရိက္ခာပို့နေသော အစိုးရတပ် တပ်မ (၆၆) လက် အောက်ခံ ခလရ (၈၀) တပ်ရင်းသည် KNU လက်အောက်ခံ ကရင်အမျိုးသား လွတ်မြောက်ရေး တပ်မတော် KNLA ၏ မြေမြုပ်မိုင်းထိမှန်သောကြောင့် ၆ ဦးသေဆုံးပြီး ၇ ဦးဒဏ်ရာရရှိခဲ့သည်ဟု KNU တွဲဖက်အတွင်းရေးမှူး(၁) ဗိုလ်မှူးစောလှငွေက ပြောသည်။ (KIC 070212) Read More...
- ၂၀၁၂ ဖေဖေါ်ဝါရီလ ၇ ရက် နေ့ကျရောက်သော ၆၅ နှစ်မြောက် သျှမ်းပြည်နယ်နေ့၌ လွယ်ကော်ဝမ်း အခြေစိုက် အမှတ် ၁ စစ်ဒေသ သို့မဟုတ် ကျိုင်းတုံစစ်ဒေသအတွင်း မြန်မာအစိုးရတပ်နှင့် သျှမ်းပြည်တပ်မတော် တောင်ပိုင်းဖွဲ့ RCSS/SSA အကြား တိုက်ပွဲဖြစ်ပွားခဲ့ သောကြောင့် မြန်မာအစိုးရဖက်က ၃ ဦးဒဏ်ရာရခဲ့သည်ဟု မိုင်းပြင်းမြို့နယ်ဒေသခံတစ်ဦးကပြောသည်။ (S.H.A.N 080212) Read More...

**NDD- မှတ်တမ်းတင်နှင့်သုတေသနဌာန**

- ပြည်ထောင်စုအဆင့် ထပ်မံဆွေးနွေးသဘောတူညီချက် ရနိုင်သည့်အချိန်အထိ နယ်မြေရှင်းလင်းမှုထပ်မလုပ်တော့ဟု တြိဂံတိုင်း ဦးစီးအရာရှိ ပထမတန်း ဂျီဝမ်းက ပြောကြားကြောင်း RCSS/SSA ကိုယ်စားလှယ် ဗိုလ်မှူးကြီးအောင်မောင်းက ပြောသည်။ (S.H.A.N 100212) Read More…

(ခ) လူ့အခွင့်အရေးချိုးဖေါက်မှုများ

- အစိုးရစစ်တပ် တပ်မ (၆၆) မှူး ဗိုလ်မှူးချုပ်ဂင်းဘိုရွှေ ဦးဆောင်သည့် ရိက္ခာတင်ကားအစီး ၁၅၀ကျော်သည် ပဲခူးတိုင်း တောင်ငူ မြို့နယ်၊ ဘောဂလိဒေသသို့ ရောက်ရှိလာကာ ဒေသခံများနှင့် ၎င်းတို့၏ ဆိုင်ကယ်များကို ရိက္ခာသယ်ပို့ခိုင်းခြင်း၊ ကားလမ်းဘေး မီးရှို့ခြင်း များကို ယခုလဆန်းပိုင်းမှစ၍ လုပ်ဆောင်လျှက်ရှိကြောင်း ဒေသခံများကပြောသည်။ (KIC 060212) Read More…

အခြားနိုင်ငံရေးပါတီများ

- မြန်မာနိုင်ငံတွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲ၌ နိုင်ငံတကာလေ့လာစောင့် ကြည့်ရေးအဖွဲ့များကို လာရောက်လေ့လာခွင့်ပြုမည် ဆိုပါက လွတ်လပ်၍တရားမျှတသည့် ရွေးကောက်ပွဲဖြစ်လာနိုင်ခြေရှိကြောင်း ဒီမိုကရက်တစ်ပါတီ (မြန်မာ) ၏ ဥက္ကဋ္ဌ ဦးသုဝေက ပြောသည်။ (Irrawaddy 060212) Read More…
- မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ AMRDP ဥက္ကဋ္ဌ နိုင်ငွေသိန်းက ဖေဖော်ဝါရီ ၅ ရက်နေ့က မော်လမြိုင်မြို့တွင် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ လူ့အခွင့်အရေး အထူးကိုယ်စားလှယ် မစ္စတာကင်းတားနားနှင့် တွေ့ဆုံခဲ့ပြီး မွန်ပြည်နယ်တွင်း လူ့အခွင့်အရေးကိစ္စ၊ မွန်ပြည်သစ်ပါတီ NMSP ၏ အပစ်အခတ် ရပ်စဲရေးကိစ္စနှင့် ပါတီ၏ လွပ်လပ်မှုဆိုင်ရာများကို ဆွေးနွေးခဲ့သည်ဟု ပါတီရုံးဂန်ထမ်း တစ်ဦးကပြောသည်။ (Phophtaw 060212) Read More…
- ဖေဖော်ဂါရီ ၁၀ ရက်နေ့တွင် ပြုလုပ်သည့် တစည ပါတီ၏ ပြည်ထောင်စုနေ့ အကြို အခမ်းအနားတွင် သတင်းထောက်များကို တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ NUP တွဲဘက် အထွေထွေအတွင်းရေးမှူး ဦးခင်မောင်ကြီးက လာမည့် ဧပြီလ ၁ ရက်နေ့ ကြားဖြတ်ရွေး ကောက်ပွဲတွင် NUP အတွက် အဓိက ယှဉ်ပြိုင်ရမည့် ပါတီကြီး နှစ်ခုမှာ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ USDP နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD တို့ ဖြစ်ကြောင်း ပြောကြားလိုက်သည်။ (Mizzima 100212) Read More…
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်ကို လွှတ်တော်ကိုယ်စားလှယ်လောင်း အရည်အချင်းနှင့် ကိုက်ညီမှုမရှိဟုဆိုကာ ပြိုင်ဘက်ညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးပါတီမှ ကိုယ်စားလှယ်လောင်း ဦးတင်ရီ၏ ကန့်ကွက်မှုအား တောင်ပိုင်း ခရိုင် ကော်မရှင်ရုံးက ဖေဖေါ်ဝါရီ ၁၁ ရက်နေ့တွင် ပယ်ချလိုက်ကြောင်း ဦးတင်ရီကပြောသည်။ (YMG 110212) Read More…
- ကြားဖြတ်ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ (တစည)၏ လွှတ်တော်ကိုယ်စားလှယ် လောင်းများကို တစ်ဦးလျှင်ကျပ်ဆယ်သိန်းခန့်သာထောက်ပံ့ရန် ဆုံးဖြတ်ထားကြောင်း တစညပါတီတွဲဘက် အထွေထွေအတွင်းရေးမှူး ဦးခင်မောင်ကြီးက ပြောသည်။ (YMG 110212) Read More…

လွှတ်တော်

အမျိုးသားလွှတ်တော်

- လွှတ်တော်တွင်း အရေးကြီးချိန်၊ အစည်းဝေးကျင်းပနေစဉ် ခွင့်ယူပါက လွှတ်တော်ကို ထိခိုက်နိုင်သောကြောင့် လွှတ်တော် ကိုယ်စားလှယ်များအနေဖြင့် ခွင့်မယူသင့်ကြောင်း လွှတ်တော်ကိုယ်စားလှယ်များက ပြောဆိုဝေဖန်လျက်ရှိသည်ဟု အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြတ်ဉာဏစိုးက ပြောသည်။ (Myit Makha 070212) Read More…

ပြည်သူ့လွှတ်တော်

- တပ်မတော်တွင် နှစ် ၄၀ ကျော် တာဝန်ထမ်းဆောင်ခဲ့သည့် ဗိုလ်ချုပ်ကြီးဟောင်း ပြည်သူ့လွှတ်တော ်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဖေဖော်ဂါရီ ၇ ရက်နေ့ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတွင် တိုင်းပြည်အခြေအနေနှင့်ပတ်သက်၍ ဝန်ခံမှုအချို့ ပြုလုပ်ခဲ့ကာ အမှန်တကယ် ပြုပြင်ပြောင်းလဲရေးများ ပြုလုပ်ကြရန် လွှတ်တော်အမတ်များကို တိုက်တွန်းပြောဆိုလိုက်သည်။ (Mizzima 080212)

- လွှတ်တော် ဥပဒေကြမ်းကော်မတီမှ အဆိုတင်ခဲ့သည့် လာမည့် ဘဏ္ဍာရေးနှစ်၌ နိုင်ငံ့ဝန်ထမ်းများ၏ လစာတိုးမြှင့်ပေးရေးအဆိုပြုချက်ကို ဖေဖော်ဝါရီ ၇ ရက်နေ့က ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရ ဦးရွှေမန်းက အဆိုပြုဆွေးနွေးပြီး ကန့်ကွက်သူမရှိ ထောက်ခံ အတည်ပြုလုက်သည်။ (VOA 070212) Read More..., BBC...
- လာမည့်ကြားဖြတ်ရွေးကောက်ပွဲတွင် တရားမျှတသည့် ရွေးကောက်ပွဲတရပ်ဖြစ်ပေါ်စေရန်အတွက် နိုင်ငံအနှံ့အပြားရှိ ကြံ့ဖွံ့ပါတီ USDP ဝင်များက ဝိုင်းဝန်းကူညီရန်လိုကြောင်း ပါတီ၏ထိပ်တန်းတာဝန်ရှိသူ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းက တိုင်းဒေသကြီး အသီးသီးသို့ ခြောက်ရက်ကြာ နယ်လှည့်ခရီးထွက်ခွာရာတွင် ပြောကြားလိုက်သည်။ (YMG 070212) Read More...
- အစိုးရဝန်ထမ်းများ လာဘ်ပေး၊ လာဘ်ယူမှုပပျောက်ရေးအတွက် လစာတိုးမြှင့်ရေးအဆိုတစ်ရပ်ကို ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းက ပြည်ထောင်စုလွှတ်တော်၌ ဖေဖော်ဝါရီ ၇ ရက်နေ့က တင်သွင်းခဲ့ရာ လွှတ်တော်ကအတည်ပြုလိုက်ကြောင်း လွှတ်တော်ကိုယ်စားလှယ်အချို့ကပြောသည်။ (Irrawaddy 080212) Read More..., Mizzima...

## ရွေးကောက်ပွဲကော်မရှင်

- လာမည့် ဧပြီလ ၁ ရက်နေ့ ကြားဖြတ် ရွေးကောက်ပွဲများ၌ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD အပါအဝင် နိုင်ငံရေးပါတီ ၁၉ ပါတီက ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်းနှင့် ယင်း ၁၉ ပါတီအနက် အဖွဲ့ချုပ်အပါအဝင် ၈ ပါတီမှာ ထပ်မံမှတ်ပုံတင်ခဲ့သည့်ပါတီများ ဖြစ်ကြောင်း ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ပြောသည်။ (EMG 050212) Read More...

## အမျိုးသားလူ့အခွင့်အရေးကော်မရှင်

- မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် မိမိနိုင်ငံ၏ အတိုင်းအတာအရ လွတ်လပ်စွာဆောင်ရွက်လျက်ရှိပြီး နိုင်ငံတကာမှ စံချိန်စံနှုန်းများနှင့် တိုင်းတာရန် မရသေးကြောင်း ကော်မရှင် ဥက္ကဋ္ဌ ဦးဝင်းမြက မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ လူ့အခွင့်အရေး အထူးကိုယ်စားလှယ် Mr. Tomas Ojea Quintana ၏ ဝေဖန်မှုကို ပြန်လည်တုံ့ပြန်လိုက်သည်။ (VOA 060212) Read More...

## အတိုက်အခံအင်အားစုများ (ပြည်တွင်း)

### (က) ဒေါ်အောင်ဆန်းစုကြည်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

- ရန်ကုန်တိုင်း ကော့မှူးမြို့နယ်တွင် ရွေးကောက်ပွဲဝင်ရန် လျှောက်ထားသည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်ကို ဖေဖော်ဝါရီ ၆ ရက်နေ့တွင် ခရိုင်ရွေးကောက်ပွဲ ကော်မရှင်က ခွင့်ပြုမပြုဆုံးဖြတ်ရန် တွေ့ဆုံစိစစ်ခဲ့ သည်ဟု အဖွဲ့ချုပ် ရွေးကောက်ပွဲအောင်နိုင်ရေးအကြီးအကဲ ဦးညဏ်ဝင်းကပြောသည်။ (VOA 060212) Read More..., RFA...
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်က ပါတီစည်းရုံးရေးခရီးစဉ်ဖြင့် ဧရာဝတီတိုင်း မြောင်းမြမြို့သို့ ဖေဖော်ဝါရီ ၇ ရက်နေ့ မွန်းလွဲပိုင်းက ရောက်ရှိပြီး မြို့ခံလူထုပရိတ်သတ် ၃ သောင်းကျော်ကို မိန့်ခွန်းပြောကြားစဉ် NLD အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေး၊ ပညာရေးနှင့် အလုပ်အကိုင်ရရှိရေးတို့ကို ကြိုးစားလုပ်ဆောင်သွားမည်ဟု ပြောဆိုလိုက်သည်။ (Mizzima 070212) Read More...
- အာရှစီးပွားရေးလုပ်ငန်းရှင်များ စုစည်းထားသော Asean Business Club (ABC)မှ လုပ်ငန်းရှင်များကို မြန်မာ့စိုက်ပျိုးရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံရန် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က တိုက်တွန်းခဲ့ကြောင်း သွားရောက်မေးမြန်းဆွေးနွေးခဲ့သော အဆိုပါလုပ်ငန်းရှင်းများက ပြောသည်။ (Khit Lu Nge 080212) Read More...
- အမျိုးသားဒီမိုကရေစီအဖွဲ့ပချုပ် NLD ကို အားပေးခြင်းသည် ဒေါ်အောင်ဆန်းစုကြည်အား အားပေးခြင်းနှင့် အတူတူပင် ဖြစ်ကြောင်း အဖွဲ့ချုပ် နယကကြီးတစ်ဦးဖြစ်သော သတင်းစာဆရာကြီး ဦးဝင်းတင်က မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် အဖွဲ့ချုပ်ရုံး ဖွင့်ပွဲ အခမ်းအနားတွင် ပြောကြားလိုက်သည်။ (Myit Makha 050212) Read More...
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD အနေဖြင့် ကြားဖြတ်ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်ရခြင်းအကြောင်းနှင့်ပတ်သက်၍ တရားဥပဒေစိုးမိုးမှုရှိရေး၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့် ပညာရေး၊ ကျန်းမာရေးကဏ္ဍများကို တိုးတက်ကောင်းမွန်လာရေးတို့ကို အလေးထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း NLD ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်က ဧရာဝတီတိုင်းခရီးစဉ်အတွင်း ထုတ်ဖော်ပြောကြားလိုက်သည်။ (BBC 070212) Read More..., RFA...

**NDD- မှတ်တမ်းတင်နှင့်သုတေသနဌာန**

- ရော၀တီတိုင်း ပုသိမ်နှင့်မြောင်းမြမြို့များဘက်သို့ ပါတီစည်းရုံးရေးခရီးထွက်နေသည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်ကို ဒေသခံပြည်သူများက ဝမ်းသာအားရ ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်းနှင့် နှစ်ပေါင်း ၂၀ ကျော်အတွင်း ဒုတိယတကြိမ် ပြန်လာသည့် ဒေါ်အောင်ဆန်းစုကြည်ကို မြင်တွေ့ရရန် အနီးအနား ရွာများကပါ ရာသီဥတုဒဏ်ကို ကြံ့ကြံ့ခံ လာရောက်ခဲ့သည်ဟု ပြောသည်။ (VOA 070212) Read More…
- ဝန်ထမ်းများအားလစာနှင့်အခြားအခွင့်အရေးများ အလျင်အမြန် တိုးပေးရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၏ ပြောကြားချက်ကို မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က ကြိုဆိုလိုက်ပြီး တစ်ပြိုင်တည်း၌ အကျင့်ပျက်လာဘ်စား၍ ချမ်းသာကြွယ်ဝနေသူများကို ထိထိရောက်ရောက် အရေးယူရန်လည်း လိုအပ်ကြောင်းဝေဖန်ပြောဆိုလိုက်သည်။ (RFA 090212) Read More…
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD အနေဖြင့် လွှတ်တော်တွင်း ဝင်ရောက်ရန် ဆုံးဖြတ်ရခြင်းမှာ လွှတ်တော် ပြင်ပနိုင်ငံရေးတွင်သာမက လွှတ်တော်တွင်းနိုင်ငံရေးတွင်ပါ လွှမ်းခြုံဆောင်ရွက်နိုင်ရန်အတွက်ဖြစ်ကြောင်း အဖွဲ့ချုပ်ပြောရေးဆိုခွင့်ရှိသူ ဦးဝင်းတင်က လွန်ခဲ့သည့် ဇန်နဝါရီလ ၂၉ ရက်နေ့က ပြောကြားလိုက်သည်။ (Myanmar Times Vol.28, No.556 10-160212) Read More…
- လာမည့်ကြားဖြတ်ရွေးကောက်ပွဲအောင်နိုင်ရေးအတွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD အနေဖြင့် စည်းရုံးရေးဆင်းရာတွင် ပြည်သူကိုလှည့်ဖြား စည်းရုံးသော နိုင်ငံရေးမျိုးမလုပ်မိစေရန် အဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်က လူငယ်မျိုးဆက်သစ်များအား ပြောကြားလိုက်သည်။ (Myit Makha 090212) Read More…
- မြန်မာနိုင်ငံကို ယခုထက်သာသည့် အာဆီယံ အသင်းဝင်နိုင်ငံ တစ်နိုင်ငံအဖြစ် လာမည့်ဆယ်စုနှစ်တွင် တွေ့ချင်သည်ဟု မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က Asean Business Club အာဆီယံ စီးပွားရေးအသင်း ABC အဖွဲ့က ကိုယ်စားလှယ်များနှင့် တွေ့ဆုံစဉ် ပြောကြားလိုက်သည်။ (RFA 090212) Read More…
- ပြည်သူလူထုကို လွယ်လွယ်ကတိမပေးဘဲ မှန်မှန်ကန်ကန်နှင့် ပြည်သူများ၏ထောက်ခံမှုကို ရယူသွားမည်ဖြစ်ကြောင်းနှင့် ၎င်းဝင်ပြိုင်မည့် ကော့မှူးမြို့နယ်တွင် ပထမဆုံးတာဝန်တစ်ခုအဖြစ် မြို့နယ်တွင်း အလုပ်လက်မဲ့ ပြဿနာကို ကိုင်တွယ်သွားမည်ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်က ၎င်း၏ စည်းရုံးရေးခရီးစဉ်အတွင်း ပြောကြားလိုက်သည်။ (VOA 110212) Read More…, RFA…, BBC…

(ခ) ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ (CRPP)

- လက်ရှိ အစိုးရ ငြိမ်းချမ်းရေးဖော်ဆောင်မှုတွင် တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များအား သီးခြား၊ ခွဲခြားတွေ့ဆုံသည့် ကိစ္စသည် မှုမမှန်ကြောင်း ခွန်ထွန်းဦးနှင့် တိုင်းရင်းသားခေါင်းဆောင်များကကမ္ဘာ့ကုလသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေး အထူးကိုယ်စားလှယ် မစ္စတာတောမတ်အိုဟေး ကင်တားနားအား တင်ပြကြောင်း SNLD ပါတီပြောခွင့်ရ ပုဂ္ဂိုလ် စိုင်းလိတ်က ပြောသည်။ (S.H.A.N 060212) Read More…
- ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ် ပြန်လည်ပါတီမှတ်ပုံတင်ခြင်းကြောင့် ရခိုင်အမျိုးသားများအကြား ညီညွတ်ရေးကို ထိခိုက်ပျက်ပြား စေနိုင်သည်ဆိုသော ယူဆချက်များ ကျယ်ကျယ်ပြန့်ပြန့်ထွက်ပေါ်နေချိန်တွင် ၁၉၉၀ ပြည့် ရွေးကောက်ပွဲအနိုင်ရ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ် တာဝန်ရှိသူ ဦးအေးသာအောင်က ၎င်းပါတီပြန်လည် မှတ်ပုံတင်သော်လည်း အမျိုးသားစည်းလုံးညီညွတ်ရေးကို ထိခိုက်မည်မဟုတ်ကြောင်း ပြောဆိုလိုက်သည်။ (Narinjara 080212) Read More…

(ဂ) အခြားတက်ကြွလှုပ်ရှားသများ

- ဖေဖော်ဝါရီ ၈ ရက်နေ့က ရန်ကုန်မြို့တွင် ကျင်းပသည့် ခေတ်အဆက်ဆက် ကျောင်းသားခေါင်းဆောင်များ၏ ပထမဆုံးအကြိမ် တွေ့ဆုံပွဲသည် လွတ်လပ်ရေးတိုက်ပွဲဝင် ခွပ်ဒေါင်းအလံကို ကျောင်းသားမျိုးဆက်အသီးသီးက လက်ဆင့်ကမ်းသယ်ဆောင်ခဲ့သည့် သမိုင်းပြရုပ်တစ်ခုဖြစ်သည်ဟု ၈၈ မျိုးဆက် ကျောင်းသား ခေါင်းဆောင် ကိုမင်းကိုနိုင်က ပြောဆိုလိုက်သည်။ (RFA 080212) Read More…, DVB…
- အနာဂတ်နိုင်ငံတည်ဆောက်ရေးနှင့် နိုင်ငံရေးဖြစ်စဉ်များတွင် အကြောက်တရားကင်းဝေးပြီး ယုံကြည်ရာ ပြောပုံဆိုပုံ လုပ်ကိုင်ပုံ ရှိလာရန်၊ ဒီမိုကရေစီတည်ဆောက်ရာတွင် တက်တက်ကြွကြွပါဝင်လိုသည့် လူငယ်လူရွယ်များ ဖြစ်လာစေရန် ရည်ရွယ်ချက်နှင့် မျိုးဆက်သစ်ကျောင်းသားလူငယ်များ အကြောက်တရားကင်းဝေးရေး စာတမ်းဖတ်ပွဲနှင့် နီးနှောဖလှယ်ပွဲကို ဖေဖော်ဝါရီ ၅ ရက်နေ့တွင် ကျင်းပခဲ့သည်ဟု မြန်မာနိုင်ငံလူငယ်များ အစည်းအရုံးအဖွဲ့ဝင် ကိုဇေဖြိုးအောင်က ပြောသည်။ (RFA 050212) Read More…

## NDD- မှတ်တမ်းတင်နှင့်သုတေသနဌာန

- နိုင်ငံရေးအကျဉ်းသားဟောင်းများအဖွဲ့က ဦးစီးကျင်းပသည့် နိုင်ငံတော်ရသုံးငွေ ခွဲဝေသုံးစွဲမှုဆိုင်ရာ ပညာရှင်များ၏ ဆွေးနွေးပွဲကို စီးပွားရေးပညာရှင် ဦးမော်သန်းအပါအဝင် အခြားပညာရှင်များနှင့် ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်များက တက်ရောက်ခဲ့သည်ဟု ပါဝင်တက်ရောက်ခဲ့သူ ၈၈ မျိုးဆက် ကျောင်းသားခေါင်းဆောင်တစ်ဦးဖြစ်သူ ကိုကိုကြီးကပြောသည်။ (RFA 070212) Read More…
- ကျောင်းပြန်တက်ခွင့်ရရေးကို ဥပဒေနည်းလမ်းနှင့်အညီဆောင်ရွက်ရန် ဒေါ်အောင်ဆန်းစုကြည်က နိုင်ငံရေးအကျဉ်းသားဟောင်း ကျောင်းသားများကို ဖေဖော်ဝါရီ ၉ ရက်နေ့တွင် အကြံပေးပြောဆိုခဲ့ကြောင်း တွေ့ဆုံပွဲကို တက်ရောက်ခဲ့သူ ၂၀၀၇ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ် စည်းရုံးရေးကော်မတီ ဒု-ဥက္ကဋ္ဌ ကိုဒီငြိမ်းလင်းကပြောသည်။ (RFA 090212) Read More…
- တောင်ဥက္ကလာပမြို့နယ်ရှိ စိတ်တိုင်းကျ လက်ဖက်ရည်ဆိုင်၌ ဖေဖော်ဂါရီ ၈ ရက်နေ့က ကျင်းပသည့် မျိုးဆက် အဆက်ဆက် ကျောင်း သားဟောင်းများ မိတ်ဆုံပွဲကို ၈၈ မျိုးဆက်ကျောင်းသား ခေါင်းဆောင် ကိုမင်းကိုနိုင်က အာဏာရှင်ဟောင်း ဦးနေဝင်း၏ တော်လှန်ရေး ကောင်စီလက်ထက် မိုင်းခွဲဖျက်ဆီးခံခဲ့ရသည့် ရန်ကုန် တက္ကသိုလ် ကျောင်းဝင်းအတွင်းရှိ ကျောင်းသားသမဂ္ဂ အဆောက်အအုံကို ပြန်လည်ဆောက်လုပ်ပေးရန်လိုအပ်ကြောင်း ပြောကြားလိုက်သည်။ (Irrawaddy 090212) Read More…
- အမေရိကန်အခြေစိုက် NED အဖွဲ့၏ ဖိတ်ခေါ်မှုနှင့် အမေရိကန်ကို သွားရောက်နေသည့် အနုပညာရှင် ဇာဂနာက ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် မီဂျေနမ်ဘီယာ၏ အကြံပေးအဖွဲ့နှင့် တွေ့ဆုံခဲ့သည်ဟု ဇာဂနာက ပြောသည်။ (BBC 100212) Read More…

### တိုင်းရင်းသားလက်နက်ကိုင်အင်အားစုများ

- ပင်လုံစာချုပ်ပါအတိုင်း အမျိုးသား တန်းတူရေးနှင့် ပြည်ထောင်စု တည်ဆောက်ပြီး ငြိမ်းချမ်းရေး ဖြစ်မြောက်ရေး ဆောင်ရွက်ရန် အစိုးရ ငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီကို ပအိုဝ်အမျိုးသား လွတ်မြောက်ရေးအဖွဲ့ချုပ် PNLO က တောင်းဆိုခဲ့သည်ဟု PNLO က ဖေဖော်ဝါရီ ၅ ရက်နေ့တွင် ပြောကြားလိုက်သည်။ (RFA 050212) Read More…
- ဖေဖော်ဝါရီ ၆ ရက်နေ့က ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးအဖွဲ့ခေါင်းဆောင် မီးရထားဝန်ကြီး ဦးအောင်မင်းနှင့် ကရင်နီတိုးတက်ရေး ပါတီ KNPP တို့သည် ထိုင်းနိုင်ငံ ချင်းမိုင်မြို့တွင် တွေ့ဆုံပြီး အပစ်အခတ်ရပ်စဲရေးအတွက် နေရာနှင့်နေ့ရက်တို့ကို ဆွေးနွေးခဲ့ကြသည်ဟု KNPP အတွင်းရေးမှူး ဦးခူးဦးရယ်က ပြောသည်။ (BBC 060212) Read More…
- သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ၏ ဒုတိယအကြိမ်မြောက် အထွေထွေညီလာခံကို သျှမ်းပြည် တပ်မတော် ဌာနချုပ် လွယ်တိုင်း လျှန်း၌ ဖေဖော်ဂါရီ ၄ ရက်နေ့က ကျင်းပခဲ့ရာ ပြည်တွင်းပြည်ပမှ အဖွဲ့ဝင် ၂၀၀ ခန့် တက်ရောက်ခဲ့ကြပြီး အဆိုပါ အစည်းအဝေး၌ သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ၏ အပစ်မရပ်ခင်နှင့် အပစ်ရပ်ပြီးနောက်ပိုင်း လုပ်ငန်းဆောင်တာ၊ စီမံကိန်းနှင့် လုပ်ဆောင်ချက်များကို ပြန်လည်သုံးသပ်ခြင်း၊ အပစ်ရပ်ပြီးနောက်ပိုင်း ရှေ့ဆက်လုပ်ဆောင်မည့်လုပ်ငန်းစဉ်များကို ချမှတ်ခြင်း တို့ကိုဆွေးနွေးခဲ့ကြသည်ဟု အစည်းအဝေးတက်ရောက်သည့် အရာရှိတစ်ဦးက ပြောသည်။ (S.H.A.N 060212) Read More …
- ကချင်ပြည်နယ် ဗန်းမော်မြို့နယ် မိုးလဲချောင်းအနီး နမ့်ပေါင်ရွှေမှော်တွင် ဖေဖော်ဂါရီ ၂ ရက်နေ့က KIA အဖွဲ့၏ တပ်သားသစ် စုဆောင်းမှုကြောင့် ဒေသတွင်းရှိ လူငယ်များ ရွာတွင်မနေရဲတော့ဘဲ ထွက်ပြေးတိမ်းရှောင်နေကြကြောင်း ဒေသခံများကပြောသည်။ (S.H.A.N 060212) Read More…
- ဦးအောင်မင်း ခေါင်းဆောင်သော သမ္မတကိုယ်စားလှယ် ငြိမ်းချမ်းရေးအဖွဲ့နှင့် ပအိုးဝ် အမျိုးသား လွတ်မြောက်ရေးအဖွဲ့ချုပ် PNLO အဖွဲ့တို့ ဖေဖော်ဂါရီ ၅ ရက်နေ့က အပစ်ခတ် ရပ်စဲရေးအတွက် တွေ့ဆုံဆွေးနွေးခဲ့ကြရာ အချက် ၁၁ ချက်ကို တောင်ဆိုခဲ့သော်လည်း အချက်အချို့ကို ချက်ချင်းသဘောတူဆုံးဖြတ်ပေးနိုင်ခြင်းမရှိခြင်းကြောင့် အစိုးရကိုယ်စားလှယ်အဖွဲ့အနေဖြင့် သမ္မတထံပြန်လည်တင် ပြမည်ဖြစ်ကြောင်း PNLO အထွေထွေ အတွင်းရေးမှူး ဦးခွန်မြင့်ထွန်းက ပြောသည်။ (Mizzima 070212) Read More…
- အစိုးရနှင့် ဗိုလ်မှူးချုပ် ထိန်မောင် ဦးဆောင်သည့် KNU/KNLA ငြိမ်းချမ်းရေး ကောင်စီတပ်ဖွဲ့တို့သည် ဖေဖော်ဝါရီ ၇ ရက်နေ့က နေပြည်တော်ရှိ အမရာဟိုတယ်၌ တွေ့ဆုံဆွေးနွေးခဲ့ကာ ငြိမ်းချမ်းရေး ဆက်ထိန်းရန် မူအရ သဘောတူ လက်မှတ် ရေးထိုးခဲ့ကြသည်။ (Irrawaddy 070212) Read More…, Mizzima…
- သျှမ်းပြည်တပ်မတော် ဌာနချုပ် လွယ်တိုင်းလျှန်း၌ ဖေဖော်ဝါရီလ ၇ ရက်နေ့က ကျင်းပသော သျှမ်းပြည်နယ်နေ့အခမ်းအနား၌ ဒု-ဗိုလ်ချုပ်ကြီး ယွက်စစ်က အပစ်ရပ်သော်လည်း နိုင်ငံတော်အကြီးအကဲများက လူထုအတွက် အကျိုးယုတ်စေမည့် လုပ်ငန်းဆက်လက် လုပ်ဆောင်သွားမည်ဆိုပါက ပြန်လည်တော်လှန်ရန်အ ဆင်သင့်ရှိကြောင်း ပြောဆိုလိုက်သည်။ (S.H.A.N 080212) Read More…

## NDD- မှတ်တမ်းတင်နှင့်သုတေသနဌာန

- မွန်ပြည်သစ်ပါတီထိန်းချုပ်နယ်မြေ၌ ဖေဖော်ဝါရီ ၈ ရက်နေ့က ကျင်းပခဲ့သည့် ၆၅ ကြိမ်မြောက် မွန်အမျိုးသားနေ့တွင် မွန်ပြည်သစ်ပါတီ ဥက္ကဌ နိုင်ထဝ်မွန်က မြန်မာအစိုးရသည် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့်အပစ်ခတ်ရပ်စဲရေး သဘောတူညီမှု စာချုပ်ချုပ်ဆိုမည်ဆိုပါက ကချင်ဒေသ၌ ဖြစ်ပွားနေသော စစ်ပွဲအား ရပ်တန့် ရန်လိုအပ်ကြောင်း ပြောကြားလိုက်သည်။ (Kaowao 080212) Read More...
- လွန်ခဲ့သည့် ဇန်နဝါရီလ ၆ ရက်နေ့က ပြည်နယ်အစိုးရနှင့် ငြိမ်းချမ်းရေးသဘောတူညီချက်အရ ချင်းအမျိုးသားတပ်မတော်မှ ကာကွယ်ရေး စစ်ဦးစီးချုပ် ဗိုလ်မှူးကြီး ဟရန်းသင်ထိုက်နှင့် ဒုတိယ ကာကွယ်ရေး စစ်ဦးစီးချုပ် ဗိုလ်မှူး သန်းထွန်းတို့ ဦးဆောင်သော CNA တပ်ဖွဲ့အချို့သည် ချင်းပြည်နယ် ပလက်ဝနှင့် ထန်တလန်မြို့နယ်အတွင်း စခန်းချရန်လွှန်ခဲ့သည့်အပတ်က အိန္ဒိယ-မြန်မာနယ်စပ်မှ ထွက်ခွါသွားကြောင်း CNF တွဲဖက်အထွေထွေအတွင်းရေးမှူး (၁) ပူးပေါလ်စီထာကပြောသည်။ (Khonumthung 080212) Read More...
- သမ္မတ ဦးသိန်းစိန် အစိုးရနှင့် အပစ်အခတ်ရပ်စဲရေး လုပ်သင့်မသင့်ကို ကရင်လူထုဆန္ဒ ခံယူရန် ကရင်အမျိုးသားအစည်းအရုံး KNU က ဖေဖော်ဝါရီ ၈ ရက်မှစ၍ ၃ ရက်ကြာဆွေးနွေးပွဲတစ်ရပ်ကို သတင်းပေါက်ကြားမှုအား တားဆီးသည့်အနေဖြင့် ကရင်ပြည်နယ် ဖာပွန်မြို့နယ် တနေရာတွင် ကျင်းပနေသည်ဟု ကျန်မားရေးအရမသွားရောက်နိုင်ခဲ့သူ ကရင်နိုင်ငံရေးသမားတစ်ဦးကပြောသည်။ (DVB 090212) Read More...
- အင်းစိန်ထောင်တွင် ထိန်းသိမ်းခံနေရသည့် ကရင်အမျိုးသား အစည်းအရုံး KNU ဗဟိုကော်မတီ ခေါင်းဆောင် ပဒို မန်းငြိမ်းမောင်ကို ထပ်မံ တရားစွဲဆိုရန် မြန်မာအစိုးရက ဖေဖော်ဝါရီ ၉ ရက်နေ့ ၁၁နာရီခွဲမှ ၁နာရီအထိ အင်းစိန်တရားရုံးတွင် ရုံးထုတ်စစ်ဆေးနေကြောင်း အမှုအားလိုက်ပါဆောင်ရွက်ပေးနေသူ ရှေ့နေဦးကြီးမြင့်ကပြောသည်။ (KIC 090212) Read More...
- ဇန်နဝါရီ လလယ်ပိုင်းက သျှမ်းပြည်တပ်မတော်နှင့် မြန်မာအစိုးရကြား ပြည်ထောင်စုအဆင့် သဘောတူညီမှု လက်မှတ်ရေးထိုးပြီးဖြစ်သော်လည်း နှစ်ဘက်တိုက်ပွဲဖြစ်ပွားနေသည့်အပေါ် သျှမ်းပြည်တပ်မတော် တပ်မှူးတစ်ဦးက အထက်ညွှန်ကြားချက်မပါဘဲ တပ်ရုပ်မည်မဟုတ်ကြောင်း ပြောဆိုလိုက်သည်။ (S.H.A.N 090212) Read More...
- ဗိုလ်ထိန်မောင် ခေါ် ဗိုလ်ချုပ်ကြီး စောဌေးမောင် ခေါင်းဆောင်သည့် အဖွဲ့ဝင် ၁၄ ဦးပါ ကရင်ငြိမ်းချမ်းရေးကောင်စီအဖွဲ့က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ဥက္ကဌ ဒေါ်အောင်ဆန်းစုကြည်နှင့် ဖေဖေါ်ဝါရီ ၁၀ ရက်နေ့က တွေ့ဆုံမှုတွင် ၄င်းတို့နှင့် အဖွဲ့ချုပ်တို့ ပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စရပ်များကို အလေးထားဆွေးနွေးခဲ့သည်ဟု အဖွဲ့ချုပ်အတွင်းရေးမှူးအဖွဲ့ဝင် ဦးအုန်းကြိုင်ကပြောသည်။ (RFA 100212) Read More...
- နိုင်ငံရေး ကိစ္စဝိစ္စတွေ မပြေလည်နိုင်သေးတဲ့အတွက် အစိုးရနှင့် အပစ်အခတ်ရပ်စဲရေးယူထားတဲ့ ရှမ်းပြည်တပ်မတော်တောင်ပိုင်း RCSS/SSA အနေဖြင့် သတိဝိရိယနှင့် နေသင့်ကြောင်း ကရင်နီပြည်တပ်မတော် ဒု-စစ်ဦးစီးချုပ် ဗိုလ်ချုပ်အောင်မြတ်က သတိပေးပြောဆိုလိုက်သည်။ (KT 100212) Read More...
- ဖေဖော်ဝါရီ ၈ ရက်နေ့တွင် ကျရောက်သည့် ၆၅ ကြိမ်မြောက်မွန်အမျိုးသားနေ့၌ မွန်ပြည်သစ်ပါတီက လက်ရှိမြန်မာနိုင်ငံ၏ နိုင်ငံရေးအခြေအနေသည် ဒီမိုကရေစီနှင့် တိုင်းရင်းသားအခွင့်အရေးများကို ပေါ်ထွန်းစေနိုင်သည့် အပြောင်းအလဲကာလဖြစ်နေသဖြင့် လူမျိုးစုပြည်သူတိုင်း ညီညွတ်စွာ ရုန်းကန်သွားကြရန် မွန်ပြည်သစ်ပါတီ ဥက္ကဌ နိုင်ထောမွန်က တိုက်တွန်းလိုက်သည်။ (IMNA 100212) Read More...
- ကရင်အမျိုးသားအစည်းအရုံး KNU တို့ ပဏာမအဆင့် အပစ်အခတ် ရပ်စဲရေး သဘောတူညီနေချိန်တွင် ဖေဖော်ဝါရီ ၈ရက်နေ့နှင့် ၉ ရက်နေ့က ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ်ရှိ သံလွင် မြစ်ကမ်းနံဘေးနှင့် မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ် ဘီးလင်းချောင်း ဘေးနားတွင် KNU လက်အောက် ခံတပ်ရင်းနှင့် အစိုးရစစ်တပ်တို့အကြား ပစ်ခတ်မှုနှစ်ကြိမ်ဖြစ်ပွားခဲ့ပြီး အစိုးရဘက်က ဗိုလ်အဆင့်ရှိသူ (၃) ဦးကျဆုံးခဲ့ကြောင်း KNU တပ်မဟာ (၅) က ပြောသည်။ (KIC 110212) Read More...

## အတိုက်အခံအင်အားစုများ (ပြည်ပ)

- လာမည့်ကြားဖြတ်ရွေးကောက်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးရှိ ကရင်လူမျိုးအများစုနေထိုင်သည့် ကော့မှူးမြို့နယ်မှ ဝင်ရောက်အရွေးခံမည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဥက္ကဌ ဒေါ်အောင်ဆန်းစုကြည်၏ အစီအစဉ်ကို ကရင်တိုင်းရင်းသားများက ကြိုဆိုလိုက် ကြောင်း ထိုင်း-မြန်မာနယ်စပ်နေ ကရင်တိုင်းရင်းသား စောဖိုးခွားနှင့် ကရင်အမျိုးသမီးအစည်းအရုံး KWO အထွေထွေအတွင်းရေးမှူး နန်းဒါးအယ်ကလယ်ကလည်း ပြောသည်။ (KIC 060212) Read More...
- ရထားပို့ဆောင်ရေးဝန်ကြီး ဦးအောင်မင်း ဦးဆောင်သည့် ငြိမ်းချမ်းရေး ဖော်ဆောင်ရေး ကိုယ်စားလှယ် အဖွဲ့က ပြည်ပအခြေစိုက် အတိုက်အခံ အင်အားစုများ ဖြစ်သည့် NLD (LA)၊ DPNS အဖွဲ့များနှင့် ထိုင်းနိုင်ငံ ချင်းမိုင်မြို့၌ ဖေဖော်ဝါရီ ၆ ရက်နေ့က သီးခြားစီတွေ့ဆုံခဲ့စဉ် တစုံတရာ သဘောတူညီမှု မရခဲ့သော်လည်း လက်ရှိ အစိုးရအဖွဲ့မှ ဦးစားပေး လုပ်ဆောင်သင့်သည့် အချက်များအား

အကြံပြုခဲ့ကြောင်းနှင့် နှစ်ဖက် ထပ်မံတွေ့ဆုံရန်ရှိကြောင်း NLD (LA) ဗဟိုအလုပ် အမှုဆောင် အဖွဲ့ဝင် ဦးမိုးဇော်ဦးက ပြောသည်။ (NMG 060212) Read More…

- ၈ လေးလုံးအရေးတော်ပုံကာလ ကျောင်းသားခေါင်းဆောင်တစ်ဦးအဖြစ် ထင်ရှားခဲ့သည့် ကိုမိုးသီးဇွန်က အစိုးရ ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့ခေါင်းဆောင်တစ်ဦးဖြစ်သည့် မီးရထားဝန်ကြီး ဦးအောင်မင်းနှင့် ဖေဖော်ဝါရီ ၇ ရက်နေ့က ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် တွေ့ဆုံပြီး ပြည်တော်ပြန်ရန် အခြေအနေများဆွေးနွေးခဲ့သည်ဟု ကိုမိုးသီးဇွန်ကပြောသည်။ (BBC 080212) Read More…
- အစိုးရငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့မှ ဦးစောခင်စိုး ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့နှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး ABSDF တို့သည် ဖေဖော်ဝါရီ ၉ ရက်နေ့က ထိုင်း-မြန်မာနယ်စပ် မဲဆောက်မြို့တွင် ငြိမ်းချမ်းရေးအတွက် ပဏာမတွေ့ဆုံ ဆွေးနွေးခဲ့သည်ဟု ABSDF ဒု-ဉက္ကဌ ကိုမျိုးဝင်းက ပြောသည်။ (BBC 090212) Read More…, DVB…
- မြန်မာနိုင်ငံ ဒီမိုကရက်တစ် တပ်ပေါင်းစု FDB အတွင်းရေးမှူးချုပ် ဒေါက်တာနိုင်အောင်သည် မြန်မာနိုင်ငံသို့ ပြန်လာကြောင်း ပြည်တွင်း သတင်းဂျာနယ်တခုဖြစ်သည့် Envoy news ဂျာနယ်တွင် ဖော်ပြနေမှုမှာ မဟုတ်မှန်ကြောင်း ဒေါက်တာနိုင်အောင်က ငြင်းဆိုလိုက်သည်။ (Irrawaddy 090212) Read More …

## နိုင်ငံတကာ

### (က) ကုလသမဂ္ဂနှင့် နိုင်ငံတကာအစိုးရအဖွဲ့အစည်းများ

- မြန်မာအစိုးရ၏ နိုင်ငံရေးပြုပြင်ပြောင်းလဲလိုမှုများ မည်သည့်အတိုင်းအတာအထိ ရှိနေမည်ကို လာမည့်ဧပြီလ ၁ ရက်နေ့ ကြားဖြတ်ရွေးကောက်ပွဲတွင် မြင်တွေ့ကြရမည်ဖြစ်ကြောင်း၊ တဖက်တွင်လည်း လူ့အခွင့်အရေးနှင့်ပတ်သက်၍ စိုးရိမ်စရာအခြေအနေများ ဆက်လက် ရှိနေဆဲဖြစ်ကြောင်း ကုလသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေးအထူးကိုယ်စားလှယ် Mr.Tomas Ojae Quintana က ပြောကြားလိုက်သည်။ (BBC 050212) Read More…, RFA…, VOA…
- မြန်မာနိုင်ငံ ရှေ့ဆက်သွားနိုင်ရန် အတိတ်က လူ့အခွင့်အရေး ချိုးဖေါက်မှုများအပေါ် ဂရုစိုက်သင့်သည်ဟု မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ ရာလူ့အခွင့်အရေး အထူးကိုယ်စားလှယ် Mr. Tomas Ojea Quintana က ၄င်း၏ မြန်မာနိုင်ငံခရီးစဉ်အပြီး သတင်းစာရှင်းလင်းပွဲတွင် တိုက်တွန်းလိုက်သည်။ (RFA 060212) Read More…, Irrawaddy…
- မြန်မာနိုင်ငံခြားရေးဝန်ကြီး ဦးဝဏ္ဏမောင်လွင်၏ ဖိတ်ကြားချက်ကြောင့် အာဆီယံ အထွေထွေအတွင်းရေးမှူး ဒေါက်တာ ဆူရင်ပစ်ဆူဝမ် က မြန်မာနိုင်ငံကို လာမည့်ဖေဖော်ဝါရီ ၂၀ ရက်၊ ၂၁ ရက်နေ့တွင် သွားရောက်မည်ဟု အာဆီယံ၏အင်တာနက်စာမျက်နှာတွင် ရေးသားထားသည်။ (DVB 070212) Read More…
- EC ဥရောပကော်မရှင်မင်းကြီး Andris Piebalgs က မြန်မာနိုင်ငံသို့ မကြာမီလာရောက်ရန်ရှိပြီး နိုင်ငံဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုပပျောက်ရေး လုပ်ငန်းများအတွက် အကူအညီပေးရန်နှင့်ထပ်မံပေးနိုင်မည့်အခြေအနများကို လေ့လာသုံးသပ်ရန် ပထမဆုံးအကြိမ် သမ္မတ ဦးသိန်းစိန်နှင့် တွေ့ဆုံရန်ရှိကြောင်း EC ပြောရေးဆိုခွင့်ရှိသူ Catherine Ray က ပြောသည်။ (VOA 090212) Read More…, BBC…
- မြန်မာနိုင်ငံ၏ လက်ရှိလူ့အခွင့်အရေးအခြေအနေသည် နောက်ပြန်ဆုတ်နိုင်ချေရှိနေသေးကြောင်း မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ လူ့အခွင့်အရေး အထူးကိုယ်စားလှယ် မစ္စတာ ကင်တာနားက ပြောဆိုလိုက်သည်။ (BBC 110212) Read More…

### (ခ) အစိုးရ

- မြန်မာနိုင်ငံအပေါ် ၁၉၉၇ ခုနှစ်၊ မေလ ၂၀ ရက်နေ့မှစတင်ခဲ့သည့် စီးပွားရေးပိတ်ဆို့အရေးယူမှုများကို ပြန်လည်ရုပ်သိမ်းရန် အမေရိကန် အစိုးရနှင့်ဥပဒေပြုလွှတ်တော်တို့အကြား ဆွေးနွေးညှိနှိုင်းမှုများလုပ်ဆောင်နေသည်ဟု အမေရိကန်နိုင်ငံခြားရေး ဝန်ကြီးဌာန အရှေ့အာရှ နှင့်ပစိဖိတ်ရေးရာ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး Kurt Campbell က လွန်ခဲ့သည့် ဖေဖော်ဝါရီ ၂ ရက်နေ့ သတင်းစာရှင်းလင်းပွဲ တစ်ရပ်တွင် ပြောကြားလိုက်သည်။ (VOA 060212) Read More…
- မွန်အမျိုးသားများအတွက် လွတ်လပ်သည့် ကိုယ်ပိုင်ပြည်နယ် ရှိသင့်ကြောင်း ဩစတြေးလျ အထက်လွှတ်တော်အမတ်တဦး ဖြစ်သည့် Gary Humphries က မြို့တော် ကင်ဘာရာတွင် ကျင်းပသည့် ၆၅ ကြိမ်မြောက် မွန်အမျိုးသားနေ့တွင် ပြောကြားခဲ့သည်။ (Kaowao 060212) Read More…

**NDD- မှတ်တမ်းတင်နှင့်သုတေသနဌာန**

- နိုင်ငံတကာငွေကြေးအဖွဲ့အစည်းများမှ မြန်မာနိုင်ငံကို နည်းပညာအကူအညီများ ပြန်လည်ပေးနိုင်ရန်အတွက် အမေရိကန်ပြည်ထောင်စု၏ လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ ဥပဒေအောက်မှ မြန်မာအပေါ် ပိတ်ဆို့အရေးယူမှုအချို့ကို အမေရိကန်နိုင်ငံခြားရေးဝန်ကြီး Mrs. Clinton ၏ လက်မှတ်နှင့် ဖေဖော်ဝါရီ ၆ ရက်နေ့က ကင်းလွတ်ခွင့်ပေးလိုက်သည်။ (VOA 070212) Read More..., BBC...
- အမေရိကန် ဗဟိုထောက်လှမ်းရေး အေဂျင်စီ CIA ညွှန်ကြားရေးမှူး David Petraeus က ယခုနှစ်အတွင်း မြန်မာနိုင်ငံ ထိပ်တန်းခေါင်းဆောင်များထံသို့ သွားရောက်ရန်စီစဉ်နေကြောင်း The New York Times သတင်းစာက ဖော်ပြထားသည်။ (Mizzima 080212) Read More... Irrawaddy..., RFA...
- တရုတ်နိုင်ငံက ၎င်း၏နယ်စပ်တည်ငြိမ်မှုရှိရေးအတွက် အပစ်အခတ်ရပ်စဲရန်ကျန်ရှိနေသေးသော ကချင်လွတ်မြောက်ရေးအဖွဲ့ (KIO) နှင့် မြန်မာအစိုးရတပ်တို့အကြား တိုးတိုးတိတ်တိတ် ငြိမ်းချမ်းရေးဆွေးနွေးပွဲများဖြစ်စေရန် ကြားဝင်စေ့စပ်ပေးနေသည်ဟု ထိုင်ဝမ် အမျိုးသား Chengchi တက္ကသိုလ် က သုတေသီ Raviprasad Narayanan က ပြောသည်။ (VOA 090212) Read More...
- မြန်မာနိုင်ငံ အကျဉ်းထောင်များထဲမှ ကျန်ရှိနေသေးသည့် နိုင်ငံရေးအကျဉ်းသားများ မလွှတ်မချင်း အမေရိကန်နိုင်ငံ၏ ပိတ်ဆို့ဒဏ်ခတ်မှုများကို ရုပ်သိမ်းသွားမည်မဟုတ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး Hillary Clinton က ဖေဖော်ဝါရီ ၈ ရက်နေ့တွင် ပြောကြားခဲ့သည်ကို ၎င်းနှင့် တွေ့ဆုံခဲ့သူ ကိုဇာဂနာက ပြောသည်။ (RFA 090212) Read More..., VOA...
- အမေရိကန်နိုင်ငံတွင် ရောက်ရှိနေသော NDF ပါတီ၏ ကချင်ပြည်နယ်ခေါင်းဆောင် ဒေါ်ဘောက်ဂျာက နိုင်ငံခြားရေးဝန်ကြီး မစ္စဟီလာရီကလင်တန်နှင့် ဖေဖေါ်ဂါရီ ၈ ရက်နေ့က ဂါရှိန်တန်ဒီစီတွင်တွေ့ဆုံခဲ့စဉ် လက်ရှိကချင်ပြည်နယ်တွင်ဖြစ်ပေါ်နေသည့် ပြည်တွင်းစစ်နှင့် အခြားအခြေအနေအရပ်ရပ်ကို ရှင်းပြခဲ့သည့်အပေါ် ဟီလာရီကလင်တန်က တိုင်းရင်းသားဒေသများ မပြောင်းလဲသရွေ့တော့ နိုင်ငံရေးပြောင်းလဲတိုးတက်မည်မဟုတ်ကြောင်း ပြောဆိုကြောင်း ဒေါ်ဘောက်ဂျာကပြောသည်။ (KNG 100212) Read More...

---

***End of report/ Saturday, February 11, 2012***
**ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု၊ မှတ်တမ်းတင်နှင့်သုတေသနဌာနမှ ထုတ်ဝေဖြန့်ချိသည်။**
***Documentation and Research Department (NDD)***

---